State Government Victoria
Department of Education and Early Childhood Development

Literacy tips to help your child
Before School - Year 2

Burmese

# သင့်ကလေးကို စာပေတတ်မြောက်စေရန်အတွက် အကြံပြုချက်များ

## ကျောင်းမနေမီအချိန်မှ **Year 2** အထိ



**ကလေးသူငယ်တိုင်း အခွင့်အရေး အားလုံးရရမည်**







ကလေးတစ်ယောက်၏ဖွံ့ဖြိုးတိုးတက်မှုအတွက် သူ့မိသားစု၏လွှမ်းမိုးမှုသည် အဦးဆုံးနှင့် ရေရှည်အကြာဆုံးဖြစ်ပြီး ကလေး စာပေသင်ကြားရေးတွင်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။

သင့်ကလေး၏ပြောဆိုခြင်း၊ နားထောင်ခြင်း၊ စာဖတ်ခြင်းနှင့် စာရေးသားခြင်းဆိုင်ရာ စွမ်းရည်များတိုးတက်လာအောင် သင်က အိမ်မှာ ကစားစဉ်နှင့်နေ့စဉ်လုပ်ဆောင်မှုများကိုသုံးပြီး ကူညီနိုင်သည့်နည်းလမ်းများစွာရှိသည်။

ဤစာစောင်က အိမ်မှာ နေ့စဉ် လုပ်ဆောင်မှုများကိုသုံးပြီး သင် သို့မဟုတ် အခြားမိသားစုဝင်များက မိမိတို့၏ကလေး စာပေတတ်မြောက်မှုစွမ်းရည်များ တိုးတက်လာစေရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်သည်ကို အကြံဉာဏ်များ ပေးထားပါသည်။

ဤအပိုင်းတွင် သင့်ကလေးကို မိမိပြောနေကျ ဘာသာစကားဖြင့်၊ ထို့အပြင် သင်ကနိုင်နိုင်နင်းနင်းရှိလျှင် အင်္ဂလိပ်ဘာသာဖြင့် ပါဝင်ပြောဆိုစေခြင်းသည် အလွန်အကျိုးများပါသည်။

**www.education.vic.gov.au/about/directions/familiesaspartners/schools/connecting.htm** ရှိ Families as Partners in Learning ဝက်ဘ်ဆိုက်တွင် အင်္ဂလိပ်ဘာသာအပြင် အခြားဘာသာပေါင်း ၂၃ ဘာသာဖြင့် ဤစာစောင်ကို ဖတ်ရှုနိုင်ပါသည်။

## ကျွန်ုပ် ဘယ်ကနေ အကူအညီရနိုင်မှာလဲ?

### သင့်ကလေး၏ ကျောင်းဆရာ၊ဆရာမ

သင့်ကလေး၏ စာပေတတ်ကျွမ်းမှုတွင် ကူညီပျိုးထောင်ပေးနိုင်သည့် နည်းလမ်းများကို သင့်ကလေး၏ ဆရာဆရာမက အကြံဉာဏ်များပေးနိုင်ပါသည်။ ဆရာဆရာမနှင့် သင်ဆွေးနွေးနိုင်သော အကြောင်းအရာများတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ပါသည် -

- သင့်ကလေး၏ စာရေးစာဖတ် လုပ်ဆောင်နိုင်သော စွမ်းရည်အဆင့်
- သင့်ကလေးက စာရေးစာဖတ်ခြင်းတွင် ထားရှိလုပ်ဆောင်သော ရည်မှန်းချက်များနှင့် ထိုရည်မှန်းချက်များ အောင်မြင်ရေးအတွက် သင်က ကူညီပံ့ပိုးနိုင်သည့်နည်း
- သင့်ကလေး အခက်အခဲတွေ့သော ကဏ္ဍများတွင် သင်ကူညီပံ့ပိုးရန်အတွက် အသုံးပြုနိုင်သည့် နည်းလမ်းအမျိုးမျိုး

## အင်တာနက်အွန်လိုင်းမှ ရရှိနိုင်မည့် အထောက်အကူများ

ဗစ်တိုးရီးယားပြည်နယ်အစိုးရ၏ *Connect-Primary* ဝက်ဘ်ဆိုက်အသစ်က စာပေလေ့လာသင်ကြားမှုဆိုင်ရာ အံ့မခန်းဘွယ် နည်းလမ်းအသွယ်သွယ်ကို သင့်အိမ်မှကွန်ပြူတာ၊ ဒေသဆိုင်ရာ စာကြည့်တိုက် သို့မဟုတ် သင့်ကျောင်းမှပင် လွယ်ကူစွာ ဆက်သွယ်နိုင်စေပါသည်။

**http://www.education.vic.gov.au/primary** ရှိ *Connect-Primary* ဝက်ဘ်ဆိုက်ကို ဖွင့်ဖတ်ပါ။

*Connect-Primary* တွင်ပါဝင်သောနေရာများကို ကလေးများအတွက် သင့်လျော်မှု ရှိ/မရှိ ဆရာဆရာမများက စစ်ဆေးပြီးဖြစ်ပါသည်။

အကယ်၍ *Connect-Primary* တွင်စာရင်းမပါသော အခြားဝက်ဘ်ဆိုက်များကို အသုံးပြုပါက လုံခြုံစိတ်ချရမှုအတွက် သင့်အမည် သို့မဟုတ် သင့်ကလေး အမည်အပြည့်အစ၊ ကျောင်း၊ ဖုန်းနံပတ်သို့မဟုတ် နေရပ်လိပ်စာကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို သင်မသိသူများအား အွန်လိုင်းမှတဆင့် မည်သည့်အခါမျှပေးခြင်း မပြုရန် သတိထားရပါမည်။

အာလ်ထရာနက် *(Ultranet)* သည် သင့်အား သင့်ကလေး၏ ကျောင်းတွင် စာပေသင်ကြားမှုအခြေအနေ များကို အသိပေးထားသည့် အွန်လိုင်းစနစ်အသစ် ဖြစ်ပါသည်။ အာလ်ထရာနက်သည် ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများ ဖွင့်ဖတ်နိုင်သည့် ပြည်နယ်တစ်ခုလုံးဆိုင်ရာ လုံခြုံစိတ်ချရသော အွန်လိုင်းစနစ်အသစ်တစ်ခုဖြစ်ပါသည်။ *Ultranet* ဝက်ဘ်ဆိုက်ကို **www.education.vic.gov.au/about/directions/ultranet/benefits/parents.htm** တွင် ဖွင့်ဖတ်ပါ။

# သင့်ကလေးကိုစာဖတ်တတ်ရန်၊စာရေးတတ်ရန်နှင့် ပြောတတ်ရန်နှင့် နားထောင်တတ်ရန်ကူညီခြင်း

## အိမ်နှင့် ဆက်စပ်ပေးရန် နေ့စဉ်လုပ်ဆောင်မှုများကို အသုံးပြုခြင်း



- ကဗျာလင်္ကာနှင့်သီချင်းများ ဝိုင်းဆိုကြပြီး သင့်ကလေး ကိုလည်း ပါဝင်လာအောင် အားပေးပါ။
- သင့်ကလေးပြောသည်ကိုနား ထောင်ပြီး သူတို့၏ စိတ်ကူးစိတ်သန်းများကို မေးခွန်းများဖြင့်တုန့်ပြန်ကာ အချက်အလက်များ ထပ်တောင်းပါ။
- သင်တို့ပတ်ဝန်းကျင်တစ်ခုလုံးမှာရှိနေသော အက္ခရာများနှင့် စကားလုံးများကို လက်ညှိုးညွှန်ပြီး ၎င်းတို့အကြောင်းပြောပါ။ ဥပမာ၊ ကောက်နံ့ဘူးများ၊ ကားနံပတ်ပြားများ၊ ဆိုင်းဘုတ်များ
- ရိုးရိုးဟင်းလျာများကို အတူတူချက်ပြုတ်ပါ။ ဟင်းချက်နည်းကို အသံကျယ်ကျယ်ဖတ်ပြီး သင်ဘာလုပ်နေသည်ကို တောက်လျှောက်ပြောသွားပါ။
- ကစားစရာစာကြည့်တိုက်အသင်းဝင်ပြီး ၎င်းတို့ကို အတူရွေးပါ။
- ကြော်ငြာများကိုကြည့်ပြီး ရောင်းရန်ပစ္စည်းများအကြောင်း ပြောကြပါ။
- မိသားစုဓါတ်ပုံများနှင့် ရှေးဟောင်းနှောင်းဖြစ်များအကြောင်း ပြောပါ။

## ပုံပြင် ပြောခြင်း

ပုံပြင်ပြောခြင်းသည် သင့်ကလေး၏ ဘာသာစကားနှင့် နားထောင်နိုင်သည့် စွမ်းရည်ကို တိုးမြှင့်စေနိုင်သည့် အလွန်ကောင်းသောနည်းလမ်းဖြစ်ရုံမျှမက သူတို့၏စိတ်ကူးဉာဏ်ကိုလည်း ပွင့်စေသည်။ သင်က ပုံပြင်ပြောနိုင်သည်၊ သို့မဟုတ် သင့်ကလေးကို ပြောဖို့ အားပေးတိုက်တွန်းနိုင်သည်။

ပုံပြင်ပြောခြင်းသည် ဖော်ပြပါအကြောင်းများဖြစ်နိုင်သည် -

- စာအုပ်တစ်အုပ်သို့မဟုတ် ရုပ်မြင်သံကြားဇာတ်လမ်းမှ အနှစ်သက်ဆုံး ဇာတ်ဆောင်တစ်ဦး
- အခြား မိသားစုဝင်တစ်ဦး
- သင့်ကလေး၏ အနှစ်သက်ဆုံး ကစားစရာ



သင်ပုံပြင် စပြောရန် နည်းလမ်းအချို့မှာ -

- အသံအနိမ့်အမြင့်၊ ရုပ်သေးရုပ်များ၊ သရုပ်ပြနမူနာလေးများ၊ သို့မဟုတ် လက်ချောင်းကလေးများဖြင့် စိတ်ဝင်စားအောင်ပြုလုပ်ပါ။
- သင့်ကလေး စိတ်ဝင်စားသောအရာနှင့်စတင်ပါ။
- ဇာတ်ကောင်နှင့် ဇာတ်လမ်းကို ဖန်တီးပါ။

## အတူတူ စာဖတ်ခြင်း

စာဖတ်ခြင်းသည် ပြောဆိုသောစကားများမှ ရေးသားသောစကားလုံးများကို ဆက်သွယ်ရန် အရေးကြီးသောနည်းလမ်းဖြစ်သည်။

သင့်ကလေးကိုစာဖတ်ပြခြင်းသည် အဖိုးတန်သော လုပ်ရပ်တစ်ခုဖြစ်သည်။ အကြံပြုချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည် -



- သင့်ကလေးကို စာအုပ်များ၊ မဂ္ဂဇင်းများ၊ ကက်တလောက်များ၊ မီဒီယာစုံ ပုံပြင်များ သို့မဟုတ် ဒီဗီဒီများကို ကိုယ်တိုင်ရွေးရန် အားပေးပါ။
- စာအုပ်တစ်ခုထဲမှ ပုံများအကြောင်း ဆွေးနွေးပြီး သင့်ကလေးကို ထိုပုံများအကြောင်း ပြောခိုင်းပါ။
- စာသားမပါသော ရုပ်ပြစာအုပ်များ ကိုအတူတူကြည့်ပြီး စိတ်ကူးစိတ်သန်း၊ အကြံဉာဏ်နှင့် ဝေါဟာရကြွယ်စေရန် ပုံများတွင်ပါသည့်အရာများကို နာမည်ပေးပါ။
- သင့်ကလေး အထူးနှစ်သက်သော စာအုပ်နှင့် ပုံပြင်များကို ပြန်ဖတ်ပါ။
- သင့်ကလေးကို မိမိဘာသာ ပုံများဖြင့် ကိုယ်ပိုင်စာအုပ်များပြုလုပ်စေကာ သင့်အား ထိုပုံပြင်ကို 'ဖတ်' ပြခိုင်းပါ။

*သင့်ကလေးနှင့် စာအတူတူဖတ်ခြင်း* သည် သင့်ကလေးက ထိုပုံပြင်ကို မှတ်မိလာပြီး အချို့စာများကို ဝင်ဖတ်နိုင်သောအချိန်တွင် စတင်လာမည်ဖြစ်သည်။

သင့်ကလေးက သင့်ကို *ဖတ်ပြစဉ်* သူတို့ကို စကားလုံးစဉ်းစားရန် အချိန် ပေးပါ။ ထိုနောက်သူတို့ဖတ်ပြသည်ကို သူတို့ကိုယ်တိုင်နားလည်၊မလည် သိရန် မေးခွန်းများမေးပါ။




သင်ကသင့်ကလေးကို အမျိုးမျိုးသော ဂကိစ္စရပ်များအတွက် သင်မည်ကဲ့သို့ နေ့စဉ်ဖတ်သည်ကိုပြရန်လည်း အရေးကြီးပါသည်။ ဥပမာ ဟင်းချက်နည်း၊ နှုတ်ခွန်းဆက်လွှာကဒ်များ၊ ပြက္ခဒိန်များ၊ ဈေးစာရင်းများ၊အစားအသောက် တံဆိပ်များ၊ ညွှန်ကြားချက်များ၊ မြေပုံများ၊ သတင်းစာများ၊ အီးမေးလ်များ၊ ဆိုင်းဘုတ်များ၊ ဝက်ဘ်ဆိုက်များ စသည်တို့ဖြစ်သည်။

*စာအုပ်နှင့်ပတ်သက်၍ပြောဆိုခြင်း* သည်စာဖတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်သည်။ စာအုပ်ကိုမဖတ်မီ၊ ဖတ်နေစဉ်နှင့် ဖတ်ပြီးချိန်တွင် သင့်ကလေးနှင့် စကားစမြည်ပြောပြီး သင့်ကလေး၏ အကြံဉာဏ်များ အကြောင်းပြောရန် လှိုက်လှဲစွာအားပေးပြီး စာအုပ်အကြောင်း မေးခွန်းများ မေးပါ။ စာအုပ်ကိုမဖတ်မီ၊ ဖတ်နေစဉ်နှင့် ဖတ်ပြီးချိန်များတွင် သင့်ကလေးကို မေးနိုင်သောမေးခွန်းအချို့ကို အောက်တွင်ဖော်ပြထားပါသည် -

- သားသား/မီးမီးက ဘာအကြောင်း ဖတ်ချင်တာလဲ?
- သားသား/မီးမီး သိတဲ့စာအုပ်ရွေးချင်တာလား?
- အဖုံးကိုကြည့်ပါအုန်း -သားသား/မီးမီးက ဒီစာအုပ်က ဘာအကြောင်း ရေးထားတယ်လို့ထင်သလဲ?
- ပုံတွေမှာ ဘာတွေဖြစ်နေတာ တွေ့ရသလဲ?
- နောက်ထပ်ဘာဖြစ်လိမ့်မယ်လို့ သားသား/မီးမီးထင်သလဲ?
- ဒီစာအုပ်မှာ ဘယ်အပိုင်းကို သားသား/မီးမီးက အကြိုက်ဆုံးလဲ?
- ဒီဇာတ်လမ်းမှာ သားသား/မီးမီးအနှစ်သက်ဆုံးဇာတ်ကောင်က ဘယ်သူလဲ? ဘာဖြစ်လို့ ဒီဇာတ်ကောင်ကို နှစ်သက်တာလဲ?
- ဒီစာအုပ်ရဲ့အဆုံးပိုင်းကို သားသား/မီးမီးက ပြောင်းနိုင်တယ်ဆိုရင် ဘယ်လိုပြောင်းမှာလဲ?

## စာဖတ်ခြင်းဆိုင်ရာ အကြံဉာဏ်များ



- မူလတန်း ကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ *Quiz* နေရာကိုနှိပ်ပြီး ပဟေဠိများကို အတူတူကြည့်ပြီး အဖြေရှာကြည့်ပါ။
- သင့်ကလေးက သင့်ကိုပြောပြသော သူ၏အတွေ့အကြုံကို လိုက်ရေးပြီး သူနှင့်အတူ ပြန်ဖတ်ပါ။
- စာအုပ်များကို အတူတူရွေးပြီး အတူတူဖတ်ရန်အတွက် မြို့နယ် စာကြည့်တိုက် သို့မဟုတ် ကျောင်း စာကြည့်တိုက်ကိုသွားပါ။
- မူလတန်း ကျောင်းသားကျောင်းသူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ Find out နေရာကိုနှိပ်ပြီး ကမ္ဘာကြီးအကြောင်းအချက်အလက်များရှာပါ။

- ရှုခင်းများအကြောင်း သို့မဟုတ် ဇာတ်ကောင်များအကြောင်း ပုံများဆွဲပါ၊ သို့မဟုတ် ဆေးချယ်ပါ။ မူလတန်း ကျောင်းသားကျောင်း သူများ အတွက် *FUSE* ဝက်ဘ်ဆိုက်ရှိ Draw နေရာကိုနှိပ်ပါ။



- အဘိဓာန်တစ်ခုကိုသုံးပြီး စကားလုံးများကို ရှာကြည့်ပါ။
- စာရေးဆရာများနှင့် သရုပ်ဖော်သူများအကြောင်း ပြောပါ။
- စာအုပ်တစ်အုပ်၏ အရေးကြီးသောအရာများအကြောင်းပြောပါ -ရှေ့ဖုံး၊ အနောက်ဖုံး၊ မာတိကာစာမျက်နှာ၊ ခေါင်းစဉ် စသည်တို့ဖြစ်သည်။

# စာဖတ်ခြင်းနှင့် စာရေးခြင်းသည် တစ်ဆက်တစ်စပ်တည်းဖြစ်သည်

စာရေးခြင်းကိုစသင်ရာတွင် ဟိုလျှောက်ခြစ် ဒီလျှောက်ခြစ်နှင့် ပုံဆွဲခြင်းမှ စသည်။ ၎င်းသည် အရေးကြီးသော ပထမခြေလှမ်းဖြစ်ပြီး အားပေးရမည် ဖြစ်သည်။ သင့်ကလေးက သူရေးထားသောစာကို ကျယ်ကျယ်ဖတ်ရန် အားပေးရမည်။ သူတို့ရေးထားသောအရာများကို သိမ်းထားရန်နှင့် ပြသထားရန် နေရာလုပ်ပါ။

သင့်ကလေး၏ အတွေ့အကြုံများကိုအသုံးပြုပြီး စကားပြောခြင်း၊ စာရေးခြင်းနှင့် စာဖတ်ခြင်းတို့၏ ဆက်စပ်မှုကို ဖန်တီးပါ။ လိုက်နာရမည့် အချက်အချို့ကို ဖော်ပြလိုက်ပါသည် -

- သင့်ကလေးနှင့်စကားပြောနေစဉ် သူက သင် မည်သည့်အပိုင်းကို ရေးသားစေလိုသည်ကို မေးပါ။
- သင့်ကလေးနှင့်စကားပြောနေစဉ် သူတို့၏အကြံဉာဏ်များကို လိုက်ရေးပါ။ ကလေးများပြောနေကျ အသုံးအနှုန်းဖြင့်ရေးပါ။
- ထိုရေးသားချက်ကို သင့်ကလေးအား ပြန်ဖတ်ခိုင်းပါ။
- သင့်ကလေးက ထိုရေးသားချက်နှင့် ကိုက်ညီသော ပုံဆွဲလိုစိတ်ရှိနိုင်သည် သို့မဟုတ် တစ်စုံတစ်ခု ဖန်တီးနိုင်သည်။



- သင့်ကလေးက ထိုရေးသားချက်နှင့်ကိုက်ညီသော ပုံဆွဲလိုစိတ်ရှိနိုင်သည် သို့မဟုတ် တစ်စုံတစ်ခု ဖန်တီးနိုင်သည်။

# နေ့စဉ် အိမ်တွင်ရေးစရာ အခွင့်အရေးများ

စာဖတ်ခြင်းလိုပင် စာရေးခြင်းသည်လည်း နေ့စဉ် အိမ်တွင်လုပ်ဆောင်မှု တစ်ခု ဖြစ်လာသည်။ သင်စာရေးသည်ကို သင့်ကလေးမြင်တွေ့ပါစေ။

အောက်ဖော်ပြပါ စာရေးခြင်းဆိုင်ရာအကြံဉာဏ်များကို အိမ်တွင် စမ်းလုပ်ကြည့်ပါ။

- ဈေးစာရင်းတစ်ခုကိုရေးခြင်း၊ သို့မဟုတ်စာရင်းတွင် အမျိုးမျိုးထပ်တိုးပြီး သင် ဈေးဝယ်စဉ် သို့မဟုတ်အိမ် တွင်ပြန်ဖွင့်စဉ် ထိုအမယ်များကို စာရင်းမှ ခြစ်ပြီးပယ်ဖျက်ခြင်း



- မိသားစုဆိုင်ရာ သတင်းပေးခြင်းများ ရေးရန်နှင့်ဖတ်ရန် သင်ပုန်းသစ်သားပြား တစ်ခု ထားပါ။
- တစ်ပတ်စာ ဟင်းအမယ်များကို အတူအကွ ကြိုတင်စီစဉ်ပြီး ရေးမှတ်ပါ။
- မိသားစု ဓါတ်ပုံအယ်လ်ဘမ်အတွက် အညွှန်းပုံစာများရေးပါ။
- သင့်ကလေး၏ အနုပညာလက်ရာများနှင့် ဖန်တီးမှုများအတွက် ပုံစာများ ရေးပါ။
- နှုတ်ခွန်းဆက် သဝဏ်လွှာများ၊ မွေးနေ့မင်္ဂလာကဒ်များနှင့် ကျေးဇူးတင်ရှိကြောင်းစာတိုများ ပြုလုပ်ပါ၊ ရေးပါ။
- မိသားစုအတွက် ပြက္ခဒိန်တစ်ခုပြုလုပ်ပြထားပြီး မိသားစုနှင့်ဆိုင်သော အစီအစဉ်များကို ရေးပါ။ ရှေ့လာမည့်အစီအစဉ်များအကြောင်း သင့်ကလေးနှင့် ပြောပါ။ ဥပမာ ဘယ်နေရာမှာ၊ ဘယ်အချိန်မှာကျင်းပပြီး၊ ဘယ်သူတွေလာမယ် စသည်တို့ဖြစ်သည်။

## ဝန်ကြီးချုပ်၏ စာဖတ်စွမ်းရည်ပြိုင်ပွဲ

ဝန်ကြီးချုပ်၏ စာဖတ်စွမ်းရည်ပြိုင်ပွဲသည် ဗစ်တိုးရီးယားပြည်နယ်အတွင်း ကျောင်းသားကျောင်းသူများ၏ စာဖတ်နိုင်စွမ်းကိုတိုးတက်စေသည့် အလွန် ကောင်းသောနည်းလမ်းဖြစ်သည်။ ကျောင်းသားကျောင်းသူများကို သတ်မှတ်ထားသော ရည်မှန်းချက်များရရှိရန် စာအုပ် ၁၅ အုပ်ထက်မက ဖတ်ရန်တိုက်တွန်းထားသည်။ အကယ်၍သင့်ကလေးသည် ယခုမှစ၍ စာဖတ်သင်နေပါက သူတို့ စာဖတ်သည့်အတွေ့အကြုံရဖို့ ကူညီပေးရန် သူတို့ကို စာဖတ်ပြခြင်းသို့မဟုတ် သူတို့နှင့်အတူဖတ်ခြင်း၊ ဇာတ်လမ်း၊ စာများနှင့် ရုပ်ပုံများအကြောင်းပြောခြင်းပြုပါ။ ဝန်ကြီးချုပ်၏ စာဖတ်စွမ်းရည် ပြိုင်ပွဲအကြောင်း ဤတွင်ကြည့်ပါ။
**http://www.education.vic.gov.au/prc/default.htm**